

(ဇန်နဝါရီ ၂၀ ရက်မှအဆက်)

# ယုံကြည်စိတ်ချရသော ပြုပြင်ပြောင်းလဲရေး

မင်းဗလူး

## တောင်အာရှဒေသ နိုင်ငံတချို့၏နမူနာ

တောင်အာရှဒေသ ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ပုံမှန်အကျပ်ရိုက်စေတဲ့ ကိစ္စဟာ ပြည်သူ့ရေးရာဝန်ဆောင်မှုလုပ်ငန်းများမှာ ကျွမ်းကျင်လိမ္မာမှု  သမာသမတ်ကျမှု လျော့နည်းခြင်းနဲ့ စီမံကိန်းများအရည်အချင်းပြည့်မီစွာ အကောင်အထည်ဖော်နိုင်မှု အားနည်းခြင်းတို့ ဖြစ်ပါတယ်။ အဲဒီ အရင်းခံအကြောင်းတရားတွေကြောင့် နိုင်ငံရေးမတည်ငြိမ်မှု ၊ အကြမ်းဖက်မှု၊ အစွန်းရောက် အဖွဲ့များထွက်ပေါ်လာမှု နဲ့ အစိုးရများအပေါ် ပြည်သူလူထုရဲ့ ယုံကြည်စိတ်ချရမှု ကျဆင်းမှုတို့ဖြစ်စေပါတယ်။ အစိုးရများဟာ ကောင်းမွန်တဲ့ အုပ်ချုပ်ရေး ၊ ပါဝင်နိုင်ခွင့်ရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းနဲ့ လုံခြုံရေးဆိုတဲ့ အခြေခံ အုတ်မြစ်လေးချပ်အပေါ် မူတည်ပြီး ယုံကြည်စိတ်ချရမှု ရရှိအောင်တည်ဆောက်နေကြတာကို တွေ့ရပါတယ်။

ကမ္ဘာပေါ်မှာရှိတဲ့ အခြားသော ဖွံ့ဖြိုးဆဲဒေသများမှာလိုပဲ တောင်အာရှဒေသ နိုင်ငံတွေမှာလည်း အစိုးရများအပေါ် ယုံကြည်စိတ်ချရမှု ကျဆင်းခဲ့ကြပါတယ်။ ၂၀၀၅ခုနှစ်မှာ ပညာရှင်အချို့ ကောက်ယူတွေ့ရှိချက်အရ နိုင်ငံရေး ပါတီများအပေါ်နဲ့ ရဲတပ်ဖွဲ့အပေါ်မှာ ယုံကြည်စိတ်ချရမှု အဆင့်နိမ့်ကျတာကို တွေ့ရှိရပါတယ်။ သမိုင်းနောက်ခံနဲ့ စစ်ဆေးသုံးသပ် ကြည့်တဲ့အခါ အဲဒီလို အခြေအနေကို ရောက်ရှိခဲ့ရတာဟာ ပြည်တွင်း၊ ပြည်ပ ဖိအားများကို ထိရောက်တဲ့အုပ်ချုပ်ရေးစနစ်ဖြင့် မတုံ့ပြန်နိုင်ခဲ့ခြင်းနဲ့ ကမ္ဘာလွှမ်းခြုံဖြစ်ပေါ်မှုရဲ့ စိန်ခေါ်မှုများကို ရင်ဆိုင်နိုင်တဲ့ အစီအစဉ် မရှိသေးတာကြောင့် ဖြစ်တယ်ဆိုတာ တွေ့ရှိရမှာဖြစ်ပါတယ်။ ဆိုဗီယက်ပြည်ထောင်စုပြိုလဲခြင်းနဲ့ ကမ္ဘာလွှမ်းခြုံမှု စံနမူနာပုံစံ ရွေ့လျားလာခြင်းတို့ဟာ ဖွံ့ဖြိုးပြီးနဲ့ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အုပ်ချုပ်ရေး လုပ်ငန်းစဉ်များအပေါ် အကြီးအကျယ် သက်ရောက်မှု ရှိစေပါတယ်။ ဖွံ့ဖြိုးပြီးနိုင်ငံတွေမှာ ဒီအရွေ့ကို အခက်အခဲ အနည်းငယ်နဲ့ ဆီလျော်ညီညွတ်အောင် ညှိပေးနိုင်ကြပေမယ့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာတော့ ကမ္ဘာလွှမ်းခြုံမှုအားကို ခံနိုင်ရည်ရှိမရှိ စမ်းသပ်စစ်ဆေးခြင်း ခံကြရပါတယ်။ ဖွံ့ဖြိုးဆဲနိုင်ငံများရဲ့ အုပ်ချုပ်ရေး အပိုင်းမှာ ဖြစ်ပေါ်နေတဲ့ အခြေအနေရဲ့ဆွဲငင်အားကိုလိုက်ပြီး အကျပ်အတည်း တစ်စိတ်တစ်ပိုင်း ရင်ဆိုင်နေရတဲ့နိုင်ငံများ၊ သတိပေးခေါင်းလောင်းထိုးခံနေရတဲ့ နိုင်ငံများနဲ့ပြွဲဖောက်ခြင်း သို့မဟုတ် ဆုံးရှုံးခြင်း ခံနေရတဲ့ နိုင်ငံများဆိုပြီး ခွဲခြားရှုမြင်လာကြပါတယ်။

စစ်အေးကာလ အတွင်းက အစိုးရများဟာ လူမှုစီးပွားရေး၊လူနည်းစုရေး၊ ဒေသအရေး၊ ဘာသာရေးစတဲ့ ပြဿနာတွေကို ဖုံးအုပ်ထားနိုင်ခဲ့ကြပေမယ့် စစ်အေးပြီးဆုံးသွားတဲ့အခါ အဲဒီဖိသိပ် သိမ်းဆည်းထားတဲ့ ကိစ္စများဟာ ရုံဖန်ရံခါ အကြမ်းပတမ်း အခြေအနေများ နဲ့ အတူပေါက်ထွက်လာပါတော့တယ်။ ပြည်တွင်းမှာ အဲဒီလို အကျပ်အတည်း ပေါင်းစုံ နက်ရှိုင်းစွာပေါ်ပေါက်နေတုန်း ကမ္ဘာလွှမ်းခြုံမှု စံနမူနာပုံစံကလည်း ကြီးမားတဲ့အရွေ့အတွက် တောင်းဆိုချက်

ဖြစ်လာတဲ့အခါ ဖွံ့ဖြိုးဆဲနိုင်ငံများက အစိုးရတွေဟာ လွတ်လပ်သော ဈေးကွက်စီးပွားရေးစနစ်၊ ပုဂ္ဂလိကပိုင်ပြုလုပ်ခြင်း နဲ့စည်းမျဉ်းစည်းကမ်းများ ဖြေလျှော့ပေးခြင်းစတဲ့ နည်းလမ်းများ ပါဝင်တဲ့ အစီအစဉ်သစ်ကို လက်ခံလာကြ ရပါတယ်။ လူထုအဖွဲ့အစည်းများကို လမ်းဖွင့်ပေးရပါတယ်။ ဒီမိုကရေစီ ဖော်ဆောင်မှုဆီသို့လည်း တွန်းပို့ခြင်းခံကြ ရပါတယ်။ မဟာဗျူဟာ အသစ်ဖြစ်တဲ့ ပုဂ္ဂလိက ပိုင်ပြုလုပ်ခြင်း၊ ပုဂ္ဂလိကအစိုးရ လက်တွဲလုပ်ခြင်း သို့မဟုတ် ပြည်ပရင်းနှီးမြှုပ်နှံမှုများဖြင့် ဖက်စပ်ပြုလုပ်ခြင်းတို့ဟာ အစိုးရများ ထမ်းထားရတဲ့ ဝန်ထုပ်ဝန်ပိုးများကို ဖြုတ်ချနိုင်ခဲ့တဲ့အတွက် သက်သာမှုရရှိပေမယ့်လည်း ဖွံ့ဖြိုးဆဲနိုင်ငံ အများစုမှာ ပုဂ္ဂလိကအပိုင်းက အင်အားနည်းခြင်း၊ အတွေ့အကြုံမရှိခြင်းတို့ကြောင့် အဲဒီ ဝန်ထုပ်ဖြုတ်ချရေး လုပ်ငန်းစဉ်ဟာ ရှင်းလင်းလွယ်ကူစွာ ဖြစ်ထွန်းလာခဲ့တာတော့ မဟုတ်ပါဘူး။

မွေးကင်းစအရွယ်မှာ ရှိနေသေးတဲ့ ပုဂ္ဂလိကကဏ္ဍနဲ့ လူထုအဖွဲ့အစည်းတို့ဟာ လျင်မြန်တဲ့ ပြောင်းလဲမှုနဲ့ လိုက်လျောညီထွေ နိုင်နိုင်နင်းနင်း လုပ်ကိုင်ဖို့အခက်အခဲ ရှိနေခဲ့ကြပါတယ်။ အများပြည်သူ့ အကျိုးအတွက်ရည်ရွယ်တဲ့ အကြောင်းတရားနဲ့ပုဂ္ဂလိကအကျိုးအတွက် ရည်ရွယ်တဲ့ အကြောင်းတရားတို့ အကြား ဖြစ်ပေါ်လာတဲ့ ရှုပ်ထွေးမှုများကလည်း အစိုးရများရဲ့ ဂုဏ်သိက္ခာ ကျဆင်းမှုကို ဖြစ်လာစေနိုင်ပါတယ်။ အကျပ်အတည်းကို နောက်ထပ် တိုးပွားလာစေတဲ့ အချက်ကတော့ ပြည်သူလူထုရဲ့ အခြေခံ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးနိုင်စွမ်း ရှိ/မရှိ ဆိုတာပဲ ဖြစ်ပါတယ်။ သန့်ရှင်းသော သောက်သုံးရေ ၊ အစားအစာ၊ အမိုးအကာ၊ လျှပ်စစ်၊ လုံခြုံရေး အစ ရှိတာတွေအတွက် အစိုးရရဲ့ ဖြည့်ဆည်းပေးနိုင်မှုဟာ လူထုရဲ့တောင်းဆိုမှု လျင်မြန်စွာ ကြီးထွား လာသည်နှင့် အမျှ ဆုတ်ယုတ်လျော့ပါး လာလေ့ရှိပါတယ်။ ပြီးခဲ့တဲ့ ဆယ်စုနှစ်များအတွင်း ဆင်းရဲ နွမ်းပါးမှုအဆင့် လျင်မြန်စွာ ကြီးထွားလာခဲ့ခြင်းကလည်း အဓိကပြဿနာ တစ်ခုဖြစ်ပါတယ်။ အထက်ပါ ခက်ခဲတဲ့ အခြေအနေများဟာ အသွင်ကူးပြောင်းရေး ကာလအတွင်း ပေါ်ပေါက်လာမြဲ ဖြစ်တဲ့ ပြဿနာများရဲ့ အကြောင်းရင်းများ ဖြစ်ကြပါတယ်။ ပြုပြင်ပြောင်းလဲမှုများ လုပ်ဆောင် လိုက်လို့ အဲဒီ ပြဿနာများဟာ လုံးဝရပ်စဲ သွားတယ်လို့ မရှိပါဘူး၊ တစ်မျိုးပြီး တစ်မျိုး ပေါ်ပေါက်နေကြတာ ချည်းပဲဖြစ်ပါတယ်။ တောင်အာရှဒေသရဲ့ အတိတ်က ပြောပြတာ ကတော့ ဒီမိုကရေစီဆိုတာ စိန်ပြေးတမ်း ကစားသလိုဖြစ်တယ်လို့ ဆိုကြပါတယ်။ သူ့ဘာသာသူ ရှင်သန်နိုင်တဲ့ ဒီမိုကရေစီရဲ့ အကျိုးစီးပွားအတွက် ဇက်ကြိုးကိုင် သူများ အချင်းချင်း သဟဇာတ ဖြစ်အောင် ဦးစားပေးလုပ်ဖို့က ပိုအရေးကြီးတယ်လို့ ထင်ရပါတယ်။

**အုပ်ချုပ်ရေးကျင့်စဉ်**

ကောင်းမွန်တဲ့ အုပ်ချုပ်ရေးမှာ အင်္ဂါရပ်ရှစ်ချက်ရှိကြောင်း ကုလသမဂ္ဂရဲ့ အစီရင်ခံစာမှာ ဖော်ပြထားပါတယ်။ ပါဝင်ခွင့်ရှိခြင်း၊ အများဆန္ဒရှေးရှုခြင်း၊ တာဝန်ခံမှုရှိခြင်း၊ ထင်သာ မြင်သာ ရှိခြင်း၊ တုံ့ပြန်မှုရှိခြင်း၊ ထိရောက်မှု နဲ့ စွမ်းရည်ရှိခြင်း၊ မျှတခြင်းနဲ့ အပါအဝင်ဖြစ်ခြင်း၊ တရား ဥပဒေစိုးမိုးမှုရှိခြင်း တို့ဖြစ်ပါတယ်။ ဒီအချက်များကို အကောင်အထည် ဖော်ခြင်းဖြင့် အကျင့် ပျက်ခြစားမှုကို အနည်းဆုံး ဖြစ်စေခြင်း၊ လူနည်းစုရဲ့ အမြင်များကို ထည့်သွင်းစဉ်းစားခြင်း နဲ့ လူ့ အဖွဲ့အစည်းအတွင်းက အားအနည်းဆုံး ပုဂ္ဂိုလ်များရဲ့ အသံများကို ကြားသိရခြင်း စတဲ့အကျိုး သက်ရောက်မှုများကို ရရှိနိုင်ပါတယ်။

အဲဒီကိစ္စတွေကိုဆောင်ရွက်ရာမှာ အစိုးရများဟာ တစ်သီးတစ်သန့် လွတ်လွတ်လပ်လပ် ဆောင်ရွက်ရခြင်းတော့ မဟုတ်ပါဘူး။ တစ်ချိန်တည်းတစ်ပြိုင်တည်း ဖြစ်ပေါ်နေတဲ့ ကမ္ဘာ့လွှမ်းခြုံမှု ဆိုင်ရာဖြစ်စဉ်များ၊ သတင်းမီဒီယာဆိုင်ရာကိစ္စများ၊ အကြမ်းဖက်မှုများ၊ လူတို့ရဲ့ ရှင်သန်နိုင်မှု အတွက် အခြေခံလိုအပ်ချက်များကို ဖြည့်ဆည်းပေးရေးကိစ္စများ၊ လွတ်လပ်စွာ ယုံကြည်ကိုးကွယ် ခွင့်ဆိုင်ရာကိစ္စရပ်များ အစရှိတဲ့ကိစ္စတွေနဲ့အတူ အောင်မြင်စွာဖြေရှင်း ဆောင်ရွက်ပေးနေရခြင်း ဖြစ်ပါတယ်။ အဲဒီကိစ္စများကို အောင်မြင်စွာ ကိုင်တွယ်ဖြေရှင်း ပေးနိုင်ခြင်းဟာ အစိုးရများအတွက် ယုံကြည်စိတ်ချရမှု တည်ဆောက်ရာမှာ အကြီးအကျယ် အထောက်အကူ ဖြစ်စေပါတယ်။

၂၀၀၆ ခုနှစ်မှာ တင်သွင်းခဲ့တဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ အစီရင်ခံစာ တစ်ခုမှာ ဖော်ပြထားတာကတော့ တောင်အာရှဒေသမှ နိုင်ငံများရင်ဆိုင်နေရတဲ့ အုပ်ချုပ်ရေး ဆိုင်ရာ ပြဿနာများဟာတစ်ပုံစံတည်းထပ်ခါတလဲလဲ ဖြစ်နေကြတယ်လို့ဆိုပါတယ်။ အရင်းအမြစ် လုံလောက်မှုမရှိခြင်း၊ပန်းတိုင်နိမ့်ကျခြင်း၊အကျိုးကျေးဇူး ခံစားရရှိရေးတွင် နိုင်ငံရေးအရဝင်ရောက် စွက်ဖက်မှု အကြီးအကျယ်ရှိခြင်း၊ ထင်သာမြင်သာ မရှိခြင်းနဲ့ အကျင့် ပျက်ခြစားခြင်း တို့ကြောင့် ယိုဖိတ်မှုများခြင်း၊ အုပ်ချုပ်ရေးဌာနများရဲ့ စွမ်းဆောင် ရည်အားနည်းခြင်း၊စောင့်ကြပ်ကြည့်ရှုမှု နဲ့ အကဲဖြတ်မှု ယန္တရားချို့တဲ့ခြင်း စသည်တို့ဖြစ်ပါတယ်။ ပြည်သူ့ရေးရာ ဝန်ဆောင်မှုလုပ်ငန်းတွေမှာ မညီမျှမှုများ အမြစ်စွဲနေတဲ့ အပြင် အုပ်ချုပ်ရေးအပိုင်း ကလည်း အထက်ပါ အားနည်းချက်များ တင်းကြမ်းဖြစ်နေတဲ့အခါ ဆင်းရဲသူများက ချမ်းသာသူများထက် ပိုပြီး အထိနာခဲ့ကြရပါတယ်။

**ပါဝင်နိုင်ခွင့်ရှိခြင်း**

ပါဝင်ခွင့်ရှိခြင်းကိစ္စဟာ ပြည်သူလူထုနဲ့ နိုင်ငံရေးစနစ်အကြား ကွင်းဆက်တစ်ခုဖြစ်တဲ့ အတွက် များစွာအရေးကြီးပါတယ်။ နိုင်ငံရေး စနစ်တစ်ခုရဲ့ ဂုဏ်သိက္ခာရှိမှု နဲ့ တရားဝင်မှုဟာ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲ ယန္တရားရဲ့ လှုပ်ရှားဆောင်ရွက်ချက်များ အပေါ်မှာ တည်ပါတယ်။ ပြည်သူလူထုရဲ့ မျှော်လင့်ချက်နဲ့ အခွင့်အာဏာရှိမှုဟာ အစိုးရတစ်ရပ်ကို ပင်လျှင် လုံလောက်သော အရည်အချင်းမရှိပါက ပြောင်းလဲပစ်နိုင်တယ်လို့ ခံစားမှုဖြစ်ပေါ်စေပါတယ်။ ရွေးကောက်ပွဲ လှုပ်ရှားမှုတွေကတစ်ဆင့် အဲဒီလို ပါဝင်နိုင်ခွင့်ရှိတဲ့ နိုင်ငံရေးစနစ်ဟာ အိန္ဒိယနိုင်ငံမှာ အခြေခံအဆောက်အအုံ ခိုင်မာစွာတည်ရှိနေပါတယ်။ သမိုင်း နောက်ခံတူညီခဲ့ကြ ပေမယ့်လည်း ပါကစ္စတန်ရဲ့ နိုင်ငံရေးလမ်းစဉ်များ နဲ့ ကွဲပြားခြားနားစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ ပါကစ္စတန်တွင် ပါလီမန်စနစ်၊ သမ္မတအုပ်ချုပ်ရေးစနစ်၊ စစ်အုပ်ချုပ်ရေးစနစ် တို့ကို ဖြတ်သန်း လာခဲ့ပြီးနောက် ယခုအခါ သမ္မတ နဲ့ ပါလီမန် ရောစပ်တဲ့ပုံစံတွင် သမ္မတက အာဏာ ချိန်ခွင်လျှာ အားသာတဲ့စနစ်အဖြစ် ရပ်တည်နေပါတယ်။ တည်ငြိမ်ရင့်ကျက်တဲ့ ဒီမိုကရေစီဖြစ်ဖို့ အချိန်ယူ ရဦးမှာ ဖြစ်ပါတယ်။ လက်နက်ကိုင် တိုက်ပွဲများဖြတ်သန်း လာရစေကာမူ ဒေသအတွင်း စာတတ် မြောက်မှုအမြင့်ဆုံး (၉၆%) ရှိတဲ့ သီရိလင်္ကာတွင် ရွေးကောက်ပွဲများကို အချိန်မှန်လုပ်ပေးနိုင်ခြင်း၊ ပါလီမန် နိုင်ငံရေးစနစ် ရှင်သန်နေခြင်းတို့ကြောင့် ပါဝင်နိုင်ခွင့်ရှိမှု အခြေခံရ လာနိုင်တယ်လို့ ယူဆရပါတယ်။ နီပေါ နဲ့ ဘင်္ဂလားဒက်ရှ်တို့မှာလည်း ပါတီစုံနိုင်ငံရေးစနစ် နဲ့ တည်ငြိမ်မှုရရှိလာ စပြုပြီ လို့ဆိုနိုင်ပါတယ်။

ပါဝင်နိုင်ခွင့်ရှိခြင်း၊ ဖွံ့ဖြိုးတိုးတက်ခြင်းနဲ့ လုံခြုံရေးဆိုတဲ့ အကြောင်းတရားတွေမှာ အားပြိုင်မှုများရှိ နေကြတဲ့အတွက် တောင်အာရှဒေသမှာ အစိုးရများအပေါ် ယုံကြည် စိတ်ချရမှု အားနည်းခြင်းဟာ တစ်စုံတစ်ရာသော အတိုင်းအတာအထိ ဖြစ်ပေါ်နေပါတယ်။ ကိုလိုနီခေတ်လွန် ကာလကတည်းက အထိုက်အလျောက် ကြီးမားတဲ့ စိန်ခေါ်မှုများနဲ့ ကမ္ဘာလွှမ်းခြုံမှု ဖိအားများ ဒဏ်ကို ရောထွေးယှက်တင်ခံနေရခြင်း၊ လုံခြုံရေးဆိုင်ရာ ပြဿနာများတာရှည် ဖြစ်ပေါ်နေခြင်း တို့ကြောင့် ဒီဒေသဟာ ကောင်းမွန်သော အုပ်ချုပ်ရေးရဲ့ စံနမူနာပြပုံစံ ဖြစ်မလာသေးတာဟာ အံ့သြစရာတော့ မဟုတ်ပါဘူး။

Source : Building trust in Government in South Asia , contributor – Sajjad Naseer

(အပတ်စဉ် ဆက်လက်ဖော်ပြပါမည်)